## ပုသိမ်မြို့နယ်
## ဘုရားကြီးကုန်းကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
# (၂၀၁၆–၂၀၂၁)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
(ပုသိမ်မြို့နယ်၊ ဘုရားကြီးကုန်းကျေးရွာ
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက
ကူညီရေးဆွဲသည်။)

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ

ပုသိမ်မြို့နယ်-သုရာကြီးကုန်းကျေးရွာ-အခြေပြမြေပုံ (၂၆.၉.၂၀၁၆)



# မာတိကာ

မာတိကာ

စကားချီး

ဘုရားကြီးကုန်းကျေးရွာသယံဇာတပြမြေပုံ၊ ပုသိမ်မြို့နယ်

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝရင်းမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမှီမှု-လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချိန်ကာလ

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာ အစီအစဉ်

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဆက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

ဇယား၁ - လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား၂ - လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား၃ - လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား၄ - ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား၅ - ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား၆ - ဥစ္စာဓနအဆင့်အခြေအနေ

ဇယား၇ - ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား၈ - ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား၉ - ကျေးရွာ၏ ထိခိုက်သက်ရောက်မှုလွယ်သော အခြေအနေ

ဇယား၁၀ - ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား၁၁ - ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား၁၂ - ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား၁၃ - ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား၁၄ - ကျေးရွာ၏ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား၁၅ - အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား၁၆ - ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား၁၇ - သီးနှံထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား၁၈ - သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက် လက်လှမ်းမီသူ အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် အဆင့်စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲများနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတား တည်ရှိမှု အခြေအနေ

ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

( ပြဿနာဆန်းစစ်ခြင်းနှင့် ဖြေရှင်းနည်းအထိ )

ကိုးကားစာရင်း

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဘုရားကြီးကုန်းကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည် အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်၊

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောက်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ကိုင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း (၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ)သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘုရားကြီးကုန်းကျေးရွာ

ပုသိမ်မြို့နယ်

## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော် အကူ အညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်တွင် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ယို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထား ပါသည်၊ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင် မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့် ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊

ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)၊ နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမို သိရှိလာနိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင်း ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့ အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက် မှု ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း ပြုလုပ်လာနိုင်ပါသည်။

**(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျေးရွာလူထု ဦးဆောင် ပါဝင်သော လုပ်ကိုင်နည်းဖြင့် စုပေါင်းရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှုဖြစ်စေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်အတွက် လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ကြပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုပါဝင် စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောက်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဉတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ပေါက်ကုန်းကျေးရွာအုပ်စု၊ ဘုရားကြီးကုန်းကျေးရွာသည် လည်း ပုသိမ်မြို့၏ အရှေ့တောင်ဘက် (၂)မိုင်ခန့်အကွာတွင် တည်ရှိပြီး သရေခင်းမဟာစေတီတော်မြတ်ကြီး၊ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာရေးဆိုင်ရာအဆောက်အဦများ၊ ထခွဲစာသင်ကျောင်းများ၊ အထင်ကရ ဆပ္ပသိမ်တော်ကြီးရှိပါသည်။

(ဓ) သဘာဝအရင်းအမြစ်

ရွာသည်တောတောင်များမရှိဘဲ မြေပြန့်ဖြစ်ပြီး မိုးရေချိန် တစ်နှစ်ပျမ်းမျှလမ်မ() ဝန်းကျင်ရရှိပြီး လယ်ယာစိုက်ပျိုးရေးအတွက် ကောင်းမွန်ပါသည်။ သို့သော် တစ်ခါတစ်ရံတွင် သဘာဝ၏ စိုးဝါးသော ဘေးဒဏ်ကြောင့် ရေကြီးနစ်မြုပ်မှု၊ ဆုံးရှုံးမှုတွေလည်း ခံရပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေးဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၆၅၈)စု နှင့် လူဦးရေပေါင်း (၂၃၉၇) ရှိပြီး စိုက်ပျိုးရေးတောင်သူ လယ်သမားဦးရေပေါင်း (၁၀၈)ဦးနှင့် တနိုင်တပိုင်မွေးမြူရေးသမား အနည်းငယ်တို့ စုပေါင်းနေထိုင် စားသောက်ခဲ့သော ရွာတစ်ရွာဖြစ်ပါသည်၊

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ချမ်းသာသောလူအနည်းစု၊ ချမ်းသာသော လယ်သမားအနည်းစုအပြင် ရွာရှိ လူငယ် အမျိုးသား၊ အမျိုးသမီးများမှာ ပန်းရံ၊ လက်သမား၊ သံချိသံကွေး၊ စတီးလိုင်း၊ ဆန်ကြိတ်လုပ်သား၊ အထည်ချုပ်စက်ရုံလုပ်ငန်းများနှင့် အစိုးရဝန်ထမ်းများစွာရှိခြင်းကြောင့် ကျေးရွာ၏ စီးပွားရေး အနေအထားမှာ အကောင်း/အညံ့မဟုတ်ဘဲ အသင့်အတင့်ရှိသည်ဟု ပြောနိုင်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများနှင့် ပြန်ကျဈေးရောင်းဈေးဝယ်အလုပ်သမားများ ရှိနေသေး၍ တချို့သော သူများထံမှ ချေးငှားစားရသည်။ ထို့ကြောင့် ကြွေးတင်မှုများရှိခဲ့ပါသည်။ ထိုကြွေးယူ စားသောက်နေသော အိမ်ထောင်စုများသည် အကြွေးငွေ (၂၀၀၀၀)မှ (၂၀၀၀၀၀)ထိ တင်ရှိနေကြောင်း သိရသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ကျန်းမာရေးအနေအားဖြင့်လည်း ဆီးချို၊ သွေးရိုး၊ သွေးလွန်တုတ်ကွေးရောဂါများ အနည်းငယ်ရှိခဲ့သည်။ သို့သော်လည်း ဆေးဆိုင်ဆေးခန်း၊ တိုင်းဆေးရုံများနှင့် လက်လှမ်းမှီသလို ကုသဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာတွင် လက်နှိပ်တုံကင်-မော်တာသုံးတုံကင်များရှိခြင်း၊ တွင်းရေ ရေကောင်းရေသန့်များ ရရှိခြင်းကြောင့် ဝမ်းပျက်၊ ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောဂါစသည် ရောဂါများ နည်းပါးကြောင်း တွေ့ရှိရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ပညာရေးအဆင့်အတန်းများမှာလည်း ရွာသားအများစုသည် အခြေခံအရေးအဖတ်တို့ကို တတ်မြောက် ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်များပြားသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် သက်မွေးဝမ်း ကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

### (စ) ကျား-မ ရေးရာဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှု၊ မျှတမှုရှိသည်။ ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက အမျိုးသမီးများထက် ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုကြောင့်ဖြစ်သည်။ ငွေကြေးပမာဏမှာလည်း အများဆုံးအဆင့် ၇၀၀၀ကျပ်မှ ၅၀၀၀ ကျပ်ထိ၊ အနိမ့်ဆုံးအဆင့်မှာ ၅၀၀၀ ကျပ်မှ ၃၀၀၀ ကျပ်ထိ ဖြစ်ကြသည်။ ကျား-မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူ ညီမျှ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများ၊ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများ ရှိပါသည်။ လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးအဖွဲ့မှာ လှုပ်ရှား ဆောင်ရွက်မှု အားနည်းသည်။ နာရေးကူညီမှုအသင်းမှာ နာရေးကိစ္စအပါအဝင် လူမှုရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှုမှာ အားကောင်းသည်။ ကျေးရွာတွင် အသေးစားငွေချေးအဖွဲ့များ လည်းရှိသည်။ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင် ရာ သဘာဝတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၁၃၈၈)ဧက ရှိပြီး သီးထပ် နွေစပါးမှာ (၁၁၀၀)ဧက ကိုစိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအထွက်မှာ (၅၀)တင်းမှ (၇၀)တင်း ထိထွက်ရှိ ပြီး နွေစပါးမှာ (၈၀)တင်းမှ (၁၀၀)တင်ထိ ထွက်ရှိကြပါသည်။ နွေစပါး (၁)ဧကကို ရေစုပ်စက်ဖြင့် ရေနုတ်မြောင်းမှ ရေကို (၁)ဧက-ရေနံ (၁၀)ဂါလန်နှုန်း ဖြင့် ရေသွင်းစိုက်ပျိုးရသည်။ စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှု အားနည်းပြီး ကုမ္ပဏီများမှလည်း တောင်သူလယ်သမားများအား ဝန်ဆောင်မှုအားနည်းသည့်အတွက် လယ်ယာလုပ်ငန်းတွင် အထွက် အသင့်အတင့်သာ ထွက်ရှိပါသည်။ အလုပ်သမားရှားပါး၍ မလုံလောက်မှုကြောင့် လုပ်အားခ ပိုမိုပေးမှ အလုပ်သမားငှားရမ်းရရှိပါသည်။ ထို့ကြောင့် ကုန်ကျစရိတ်များ မြင့်မားပါသည်။ စပါးစိုက်ပျိုးရာတွင်လည်း ကြဲပတ်စနစ်ကိုလည်း အနည်းငယ် အသုံးပြုကြသည်။ စိုက်စနစ်ကိုတော့ ပိုမိုလုပ်ကိုင်ကြပါသည်။ တစ်ခါတစ်ရံ သဘာဝမိုးရွာသွန်း မှု မညီမျှသောကြောင့် စပါးအထွက်နှုန်း အနည်းငယ် အထွက်ဆုတ်လျော့မှုနှင့် ရင်ဆိုင်ရသည်။ တခါတရံ မိုးကာလတွင် ဖျက်ပိုးများ ကျရောက်ဖျက်စီးတက်သောကြောင့် ဖျက်ပိုးနှိမ်နင်းခြင်းကိုလည်း လုပ်ကိုင် ဆောင်ရွက်ရသည်။

ကျေးရွာတွင် ဝက်မွေးမြူရေးကို တနိုင်တပိုင်အဖြစ် (၁၁၇)ကောင် မွေးမြူထားကြသည်။ ဒေသကြက်မွေးမြူရေးမှာလည်း တနိုင်တပိုင်အဖြစ် ကြက်ကောင်ရေ (၃၇၀၇)ကောင် မွေးမြူကြသည်။ ရာသီအလိုက်ဖြစ်ပွားတက်သော တိရစ္ဆာန်ရောဂါများမှာ ဝက်မှာ ကျောက်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်တက်ပါသည်။ ကြက်မှာလည်း ကြက်လည်လိမ်ရောဂါအဖြစ်များပါသည်၊ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် ယွမ်းမြို

ဆောင်ရွက်မှု အားနည်းပါသည်။ မွေးမြူရေးလုပ်ငန်း တည်ထောင်တိုးချဲ့ဆောင်ရွက်နိုင်ရန် ချေးငွေ အလွယ်တကူ ရရှိမှု အနည်းငယ် ရှိပါသည်။ အတိုးနှုန်း အသင့်အတင့်နှင့် ချေးပါသည်။ ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာ အဆင့်မပြေမှုကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ အနည်းငယ်သာ ရှိပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်များ၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရ ဝန်ထမ်း လုပ်ငန်းတို့ ဖြစ်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်သော အလုပ်များ လုပ်ကိုင်ကြပါသည်။ ဝင်ငွေမမှန်ခြင်းကြောင့် တွက်ချေကိုက်မှု နည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ဝင်ငွေအနည်းငယ်သာပိုလျှံသောကြောင့် အလားအလာ အတင့်အသင့်သာ ကောင်းမွန်ပါသည်၊ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းမှာ အနည်းငယ်နိမ့်ကျပြီး စရိတ်အကုန်မခံနိုင်သောကြောင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင် သင်တန်းများသို့ ပို့လွှတ်သင်ကြားနိုင်ပါသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်သောကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာ သုံးစွဲမှုများ များပြားသဖြင့် မြေဆီလွှာ အရည်အသွေးများ ကျဆင်းလာနိုင်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံ ပိုးမွှားနှိမ်နင်းရေးများ လုပ်ရသောကြောင့် အကျိုးပြုဆောင်ရွက်နိုင်ရန် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးသင့်ပါသည်။ ကျေးရွာမှာ မြေပြင် အနိမ့်အမြင့်ရှိနေခြင်းကြောင့် ရာသီဥတုဘေးအန္တရာယ် ကျရောက်မှု အနည်းငယ်သာ ရှိတတ်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကကို (၁၅၀၀၀၀)ကျပ်နှုန်းဖြင့် တောင်သူလယ်သမားများကို ထုတ်ချေးပါသည်။ အများဆုံး (၁၀)ဧကတွက်သာ ချေးပေးပါသည်။ အတိုးမှာ (၆၇)ပြားတိုးဖြစ်ပြီး အရင်နှစ်တွေက (၄၅)ပြားနှုန်း ချေးယူရပါသည်။ ယခုအတိုးနှုန်းပိုပြီးမြင့်ပါသည်။ ကျေးရွာတွင် မြန်မာငွေရေးကြေးရေး အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းမှ အသင့်အတင့် ထုတ်ချေးပါသည်။ ကျေးရွာတွင် သမဝါယမအသင်းအဖွဲ့များ ရှိပါသည်။ ကျေးရွာအများစုသည် ချေးငွေကို ကျန်းမာရေး၊ ပညာရေး၊ စားနပ်ရိက္ခာအတွက် ချေးယူရပါသည်။ ကျေးရွာတွင် အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ်ချက်အရ အလွန်ဆင်းရဲသော အိမ်ထောင်စုများသည် မိသားစုကလေးသူငယ်များခြင်းကြောင့် ရငွေနှင့်သုံးငွေမမျှသောကြောင့် ကြွေးချေးယူထားကြောင်း တွေ့ရှိရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်း (၁၂၀)ပေ၊ (၃၀)ပေ ၄ခန်းအရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်း ကျောင်းဆောင်တစ်ဆောင်နှင့် အလယ်တန်း (၁၀၈)ပေ၊ (၂၆)ပေ ၄ခန်းအရွယ်ရှိ သွပ်မိုးအုတ်နံရံအင်္ဂတေအခင်း တစ်ဆောင်၊ အထက်တန်း (၁၂၀)ပေ၊ (၃၀)ပေ ၄ခန်းအရွယ်ရှိ ရွာသားအားလုံးမှာ ရေးတတ် ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ (၀.၄၃%) မှာ ဘွဲ့ကြိုကျောင်းပညာရေးကို ရရှိထားကြသည်။ မူလတန်းအောင်ရာနှုန်းလည်း မြင့်မားသည်။ ယခုနှစ်ကျောင်းအပ်နှံသည့် နှုန်းထားသည် ကျေးရွာရှိ မူလတန်းအရွယ်နှင့် အလယ်တန်းအရွယ်ရှိသူ အရေအတွက်ထက် လေးပုံတစ်ပုံရှိကြောင်း တွေ့ရှိရသည်။မူလတန်းတွင် (၉)နှစ်နှင့် အလယ်တန်းတွင်

(၁၄)နှစ်ထက်ကြီးသော ကျောင်းသား/သူများ ပါရှိသည်။ ကျောင်းတွင်ပရိဘောဂတို့ လုံလောက်မှုမရှိ၍ မူလတန်းပြ ဆရာ/ဆရာမ (၅)ဦး၊ အလယ်တန်း တွင် (၇)ဦးရှိကြသည်။ ကျောင်းတွင် တပည့်ဆရာအချိုးသည် ၂၇:၁ ရှိသည့်အတွက် ဆရာ/ဆရာမအင်အား လုံလောက်မှုမရှိပါ။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်း စာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ ပံ့ပိုးပေးခဲ့ပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိပါသဖြင့် ကျန်းမာရေးဝန်ဆောင်မှုတို့နှင့် လက်လှမ်းမှီပါသည်။ လျှပ်စစ်မီးရရှိသော်လည်း ၂၄နာရီပတ်လုံး မရရှိသည့်အတွက် ဆေးဝါးများကို သိုလှောင်ထားရန် မလုံလောက်ပါ။ သောက်ရေအတွက် ရေကန်ရှိပြီး သောက်ယူသုံးစွဲရန်အတွက် လုံလောက်မှုရှိသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာ ကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ဖက်ဖြင့် ဆောက်လုပ် သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွား တက်သော ရောဂါဖြစ်ပွားမှုနည်းပါး၍ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသား/သူများအတွက် အသုံးပြုရန် လွယ်ကူပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် ကျေးရွာလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေး ပွဲများတွင်လည်း ပါဝင်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ဆောင်ရွက်လျက်ရှိပါသည်။

(ဇ) အခြေခံအဆောက်အဦး-လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိ ရွာတွင်းလမ်းကို ကျောက်ချောလမ်းခင်းပြီး ကား၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်များနှင့် ဆိုင်ကယ်၊ စက်ဘီးများကို အသုံးပြုမောင်းနှင်ကြပါသည်။ ရေလမ်းခရီးကို အသုံးပြုမှု မရှိဘဲ လမ်းပန်း ဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် ၊ စက်ဘီး ၊ သုံးဘီးဆိုင်ကယ် ၊ ထော်လာဂျီ ၊ ကား တို့ကို အသုံးပြုလျက်ရှိ သည်။ ကျေးရွာတွင် လျှပ်စစ်မီးရရှိပြီး မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အခြားလူမှု ဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနေကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြု နိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြား သတင်းအချက် အလက်များအတွက် ချိတ်ဆက်အသုံးပြု နိုင်သည်။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံး အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးတို့မှာ အသင့် အတင့် ကောင်းမွန်ကြောင်း တွေ့ရှိ ရသည်။

(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကူးသန်းရောင်းဝယ် မှု ရောမွေ့ပါသည်။ ကျေးရွာရှိလယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သောကြောင့် စပါးပဲ စသော သီးနှံများ အထွက်တိုးစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် ငွေတိုးချေးသူများ ရှိသော်လည်း အတိုးနှုန်း မြင့်မားပါသည်။ ဘဏ်များမှ ကျေးရွာအတွက် ဝန်ဆောင်မှုငွေချေးရန်၊ စာရွက်စာတမ်း လိုအပ်ချက်များကို ကျေးရွာမှ ပြည်သူများက စရိတ်ခံရပါသည်။ ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန် ရရှိမှုမရှိပါ။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့မှ တိုင်ပင်ညှိနှိုင်းပြီး ၅နှစ် တာ ကာလအတွင်း ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင် ရောက်အောင် ဆောင်ရွက်သွားပါမည်။ ကျွန်ုပ်တို့ ကျေးရွာလူထု သည် အလုပ်အကိုင်များ ဖန်တီးတီထွင်ပြီး အသက်မွေးပညာများ ရရှိအောင် လုပ်ကိုင်ပြီး စီးပွားရေး တိုးတက်အောင် လုပ်ဆောင်နေပါသည်။ ကျွန်ုပ်တို့ ရွာလူထုသည် စာတတ်မြောက်မှု ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးသူငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ပြီး အသိပညာတိုးပွားအောင်

ဆောင်ရွက်ပေးပါမည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် နည်းပညာအထောက်အပံ့များရရန် အစိုးရထံမှ မျှော်လင့်ထားပါသည်။ ကျွန်ုပ်တို့ ကျေးရွာတွင် ဖွံ့ဖြိုးရေးအစီအစဉ်များကို နိုင်ငံတော်မှ စိစစ်လုပ်စေလိုပါသည်။ အဓိကဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ကို နိုင်ငံတော်မှ အဆင်ပြေချထားပေးရန် လိုအပ်ပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ကျေးရွာတွင် အသေးစား စက်မှုလက်မှုလုပ်ငန်းများ အလားအလာရှိသော်လည်း ငွေကြေးအရင်းအားနည်းခြင်းကြောင့် လူငယ်အမျိုးသမီး၊ အမျိုးသားများအတွက် အခွင့်အလမ်းအားနည်းပါသည်။ နိုင်ငံတော်အစိုးရအနေနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုအဖွဲ့ ဖွဲ့စည်းထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိပါက တနှစ်ပတ်လုံး ဝန်ဆောင်မှု ရရှိရန် လိုအပ်ပါသည်။ မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း နိုင်ငံတော်က ဆောင်ရွက်ပေးစေ လိုပါသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေး ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိမှ ကျေးရွာတိုးတက်မည်ဖြစ်ပါသည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်ရန်မှာ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ရန် တာဝန်ယူဆောင်ရွက်ရပါသည်။ လယ်သမားအဖွဲ့ကလည်း ကျေးရွာလယ်ယာကုန်ထုတ်အဆင့်မြင့်တင်ရန် တာဝန်ယူဆောင်ရွက်ခြင်းဖြင့် ကျေးရွာကို တဖက်တလမ်းက တိုးတက်စေပါသည်။ သို့ဖြစ်၍ နိုင်ငံတော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှ အကောင်အထည်ဖော်မှသာ အခက်အခဲနှင့် အဟန့်အတားများအားလုံး အောင်မြင်မှာ မုချမသွေဖြစ်ပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထား ကို တိုးတက်ရရှိစေမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် သက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် စီးပွားရေး အုပ်စုများ ဖွဲ့ပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရား တိုးတက်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိ ရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားမည်-

(ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာ အသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းများနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေ ရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအိမ်တွင်းမှု လုပ်ငန်းများအတွက် ခွဲဝေနေရာ ချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာ ထွန်းကားလာရေးအတွက် . သင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကလည်း တဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို ကျေးရွာရှိ လူထုကို ပြန်လည်မျှဝေပေးပြီး မိမိကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများအတွက် အသုံးချပြီး ထုတ်လုပ်မှုကို တိုးတက်စေမည်။

(ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ ပန်းရံ၊ လက်သမား၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင် စသော သင်တန်းများ တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်း အနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(ခ.၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/ဆရာမများ ခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

(ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာအဆောက် အအုံများကို အသုံးပြု စီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်ရေးကိုလည်း တိုးတက်နိုင်အောင် ဆောင်ရွက်ကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းရမည့်ကိစ္စများ

အစိုးရမူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းကျင်ပြီးသော အစိုးရဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ

ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ၊ ထိုမှတဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းများအား နည်းပညာအထောက်အပံ့များ၊ ပံ့ပိုးပေး မှုသည် အလွန်အရေးပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှလည်း အထောက်အပံ့ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့သည် ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြု ထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင် ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက်ကို ပြင်ဆင်ရန် ဖြစ်ပါသည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးကို စိုက်ပျိုးကြသည်။ လယ်သမားများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိက ပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေး လိုအပ်သည်။ နည်းပညာ အသုံးပြုပုံများ အပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်သည်။

**(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများ အတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက် အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်း ဖွဲ့စည်းထားခြင်းမရှိ သေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူ ရွာသူ/သားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင်းအသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အလားအလာ ရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါ သည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက် များ လက်လှမ်းမှီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှုလက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ကျွန်ုပ်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများ အတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ် အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့အစည်းတွင် ကျွမ်းကျင်ပညာရှင်တစ်ဦးနှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်

မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်းရှိရပါမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလ ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှု မရှိနိုင်ပေမဲ့ နောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုအတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional Classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက်ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ အခြေခံ၍ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classification) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့ကို လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းတွင် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်၊ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြားခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာန

ဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| ကဏ္ဍအကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်းရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| လမ်းပန်းဆက်သွယ်ရေး<br>လမ်းတံတားကောင်းမွန်လာစေရေး | (၁)ဘုရားကြီးကုန်းကျေးရွာနှင့် ဘုရားဖြူကျေးရွာချင်းဆက်လမ်း (၁၂၀၀၀)ပေ | | ၁ | ကျေးရွာတွင်းလမ်းများအားကျောက်ချောခင်းခြင်း | |
| | (၂)ရပ်ကွက်လမ်းနှင့်သုသာန်သွားလမ်း - မင်္ဂလာလမ်း (၁၆၅၀)ပေ | | ၂ | ကျောက်ချောခင်းခြင်း | |
| | (၃)ရပ်ကွက် (၅)နှင့် ရပ်ကွက် (၄) ဆက်သွယ်သောလမ်း (၁၁၀၀၀)ပေ | | ၃ | ကျောက်ချောခင်းခြင်း | |
| | (၄)မင်္ဂလာလမ်းရှိတံတား | | ၄ | ကွန်ကရစ်တံတား | |
| | (၅)လက်ခုတ်ရိုးမြောင်း ပြန်လည်တူးဖော်ခြင်း | | ၅ | စက်ကြီးဖြင့်ကော်ရန် | |
| | (၆)(၁)တူးမြောင်း | | ၆ | စက်ကြီးဖြင့်ကော်ရန် | |
| | (၇)(၃)တူးမြောင်း | | ၇ | စက်ကြီးဖြင့်ကော်ရန် | |
| | (၈)200KV ထရန်စဖော်မာ တပ်ဆင်ခြင်း | | ၈ | | |
| | (၉)မီးတိုင်ကြိုးများ လဲရန် | | ၉ | | |
| | (၁၀)အထက (ခွဲ)ကျောင်းမှ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရန် | | ၁၀ | အခန်းလိုအပ်ချက်အရ | |
| | (၁၁)အထက(ခွဲ)ခြံစည်းရိုးသံဇကာနှင့်ကျောက်တိုင် ပြုလုပ်ခြင်း | | ၁၁ | | |
| | (၁၂)စေတီဘုမ္မိကလမ်း ကွန်ကရစ်ခင်းခြင်း | | ၁၂ | | |
| | (၁၃)သင့်တင့်သောအတိုးနှုန်းဖြင့် နှစ်ရှည်ပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးရန် | | ၁၃ | | |
| | (၁၄)မဟာစေတီလမ်းမကြီးဘေးရေမြောင်းပြန်ဖော်ရန် | | ၁၄ | | |

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ဘုရားကြီးကုန်းကျေးရွာနှင့် ဘုရားပြိုကျေးရွာချင်းဆက်လမ်း (၁၂၀၀၀)ပေ | ၁ | | | | | |
| ၂ | ရပ်ကွက်လမ်းနှင့်သုသာန်သွားလမ်း မင်္ဂလာလမ်း (၁၆၅၀)ပေ | ၂ | | | | | |
| ၃ | ရပ်ကွက် (၅)နှင့် ရပ်ကွက် (၄) ဆက်သွယ်သောလမ်း (၁၁၀၀၀)ပေ | ၃ | | | | | |
| ၄ | မင်္ဂလာလမ်းရှိတံတား | ၄ | | | | | |
| ၅ | လက်ခုတ်ရိုးမြောင်း ပြန်လည်တူးဖော်ခြင်း | ၅ | | | | | |
| ၆ | (၁)တူးမြောင်း | ၆ | | | | | |
| ၇ | (၃)တူးမြောင်း | ၇ | | | | | |
| ၈ | 200KV ထရန်စဖော်မာ တပ်ဆင်ခြင်း | ၈ | | | | | |
| ၉ | မီးတိုင်ကြိုးများ လဲရန် | ၉ | | | | | |
| ၁၀ | အထက (ခွဲ)ကျောင်းမှ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရန် | ၁၀ | | | | | |
| ၁၁ | အထက(ခွဲ)ခြံစည်းရိုးသံဇကာနှင့် ကျောက်တိုင် ပြုလုပ်ခြင်း | ၁၁ | | | | | |
| ၁၂ | စေတုဘုမ္မိကလမ်း ကွန်ကရစ် ခင်းခြင်း | ၁၂ | | | | | |
| ၁၃ | သင့်တင့်သောအတိုးနှုန်းဖြင့် နှစ်ရှည်ပေးနိုင်မည့် အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ပေးရန် | ၁၃ | | | | | |
| ၁၄ | မဟာစေတီလမ်းမကြီးဘေး ရေမြောင်းပြန်ဖော်ရန် | ၁၄ | | | | | |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ခန့်မှန်းနမူနာအဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ထိုစီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျတ်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ-လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်)

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | ဘုရားကြီးကုန်းကျေးရွာနှင့် ဘုရားပြိုကျေးရွာချင်းဆက်လမ်း (၁၂၀၁၀)ပေ | | | | | |
| ၂ | ရပ်ကွက်လမ်းနှင့်သုသာန်သွားလမ်း - မင်္ဂလာလမ်း (၁၆၅၀)ပေ | | | | | |
| ၃ | ရပ်ကွက် (၅)နှင့် ရပ်ကွက် (၄) ဆက်သွယ်သောလမ်း (၁၁၀၀၀)ပေ | | | | | |
| ၄ | မင်္ဂလာလမ်းရိုက်တား | | | | | |
| ၅ | လက်ခုတ်ရိုးမြောင်း ပြန်လည်တူးဖော်ခြင်း | | | | | |
| ၆ | (၁)တူးမြောင်း | | | | | |
| ၇ | (၃)တူးမြောင်း | | | | | |
| ၈ | 200KV ထရန်စဖော်မာ တပ်ဆင်ခြင်း | | | | | |
| ၉ | မီးတိုင်ကြိုးများ လဲရန် | | | | | |
| ၁၀ | အထက (ခွဲ)ကျောင်းမှ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရန် | | | | | |
| ၁၁ | အထက(ခွဲ)ခြံစည်းရိုးသံဇကာနှင့် ကျောက်တိုင် ပြုလုပ်ခြင်း | | | | | |
| ၁၃ | သင့်တင့်သောအတိုးနှုန်းဖြင့် နှစ်ရှည်ပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးရန် | | | | | |
| ၁၄ | မဟာစေတီလမ်းမကြီးဘေး ရေမြောင်းပြန်ဖော်ရန် | | | | | |

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာတွင်ဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါသည်၊ အဖွဲ့အစည်းအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဉပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်

ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါသည်။

ဆောက်လုပ်ရေးကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ၊ ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါသည်။ ဤကိစ္စမျိုးမှာ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ အဖွဲ့ခွဲငယ်များ တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။ လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူတကွပူးပေါင်းဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာ တိုးတက်မှုတို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ အသီးသီး၊ ကော်မတီအသီးသီးမှ စီမံကိန်းဆိုင်ရာသတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုတို့ကို တိုင်းတာမည့် အညွှန်းကိန်းများ ဖြစ်ပါသည်။ ၃လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေးတွင် အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှဦးဆောင်ပါမည်။ ၃လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်-

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု
- ၃လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ
- ငွေကြေးစုဆောင်းမှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ၃လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနသို့ အစီရင်ခံပေးပို့ပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘတ်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ နှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်းများအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။

ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်သော အဖွဲ့အစည်းများ၊ ငွေကြေးထည့်ဝင်သူများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ်ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်ပါသည်။

ပြည်နယ်/တိုင်း - ဧရာဝတီတိုင်း ရက်စွဲ -
မြို့နယ် - ပုသိမ်
ကျေးရွာအုပ်စု - ပေါက်ကုန်း
ကျေးရွာ - ဘုရားကြီးကုန်း

## (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အပိုင်းအခြား | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁၇ | ၂၁ | ၃၈ | ၁.၅၃% |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၇၇ | ၈၀ | ၁၅၇ | ၆.၅၅% |
| ၅ နှစ်မှ ၉နှစ် | မူလတန်းကျောင်းသားအရွယ် | ၈၇ | ၈၂ | ၁၆၉ | ၇.၀၅% |
| ၁၀ နှစ်မှ ၁၄နှစ် | အလယ်တန်းကျောင်းသား အရွယ် | ၁၃၃ | ၁၀၉ | ၂၄၂ | ၁၀.၀၉% |
| ၁၅ နှစ်မှ ၆၀ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၄၇ | ၈၅၆ | ၁၆၀၃ | ၆၆.၈၈% |
| ၆၀ နှစ်နှင့်အထက် | သက်ကြီးရွယ်ကြီး | ၇၆ | ၁၁၂ | ၁၈၈ | ၇.၈၄% |
| စုစုပေါင်း | | ၁၁၃၄ | ၁၂၆၃ | ၂၃၉၇ | ၁၀၀% |
| စုစုပေါင်း အိမ်ထောင်စု -၆၅၈ | | တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၃.၆၄% | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာတွင် အိမ်ထောင်စု (၆၅၈)စု ရှိပြီး လူဦးရေ မှာ ကျား (၁၁၃၄)ဦး၊ မ (၁၂၆၃)ဦး ရှိပြီး စုစုပေါင်းမှာ လူဦးရေ (၂၃၉၇)ဦးရှိပါသည်။ မြန်မာနိုင်ငံတွင် တစ်အိမ်ထောင်လျှင် ပျမ်းမျှဦးရေ မှာ (၅ဦး)နှုန်း သတ်မှတ်ထားသော်လည်း ဘုရားကြီးကုန်းကျေးရွာတွင် တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၃.၆၄%) သာရှိကြောင်း လေ့လာတွေ့ရှိချက်အရ တွေ့ရှိရပါသည်။

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

#### (၁.၂.၁) လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် - အိမ်ထောင်စု | အဓိက အလုပ်အကိုင် - % | အဓိက အလုပ်အကိုင် - မိသားစုဝင်ဦးရေ | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀၈ | ၁၆.၄ | ၆၀ | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၂၀ | ၁၈.၂၃ | ၂၀၀ | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | မိသားစုပေါင်းဦးရေ | တွဲဖက်အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၃ | ငါးဖမ်း လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၀ | ၃.၀၄ | ၆၀ | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၆ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၇ | ဆောက်လုပ်ရေး၊ လက်ကား၊ လက်လီ လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁.၅၂ | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃၀ | ၄.၅၆ | ၄၀ | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၈ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၁၅ | ၃ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၆ | ၀.၉၁ | ၈ | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ ([illegible]၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ | ၄ | ၀.၆၁ | ၆ | | |

| စဉ် | လုပ်ငန်းများ | အစီက အလုပ်အကိုင် | | | ထွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်ဦးရေ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၃ | ငါးဖမ်း လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်မှု၏ နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | မိသားစုဝင် လုပ်အား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၀ | ၃.၀၄ | ၆၀ | | |
| | မိသားစုဝင် လုပ်အား | | | | | |
